
ဘစိမ်းကျော်
မြို့ပြဟောင်းထဲက ဂုံသားများ

# မြို့ဟောင်းထဲက ဘုံသားများ

မုန့်စား ကျောင်းဆင်းချိန် ဖြစ်သည့် အတွက်ကြောင့် ကျောင်းကြီး ထဲမှာ တော့ ဆူဆူညံညံ အသံတွေက စုံလင်နေ လေသည် ။ ကျောင်းရဲ့ မုန့်ဈေးတန်း မှာ လည်း ကျောင်းသူ ကျောင်းသားတွေနဲ့ ကြိတ်ကြိတ်တိုး ကာ စည်ကားလျက် ရှိလေသည် ။ အတန်းငယ် ကျောင်းသား ကျောင်း သူတွေ ကတော့ မုန့်စားလွှတ်ချိန်၌ ကစားဖို့ နဲ့ စားဖို့ ကိုသာ အာရုံထား ကြ သော်လည်း အတန်းကြီး ကျောင်းသား ကျောင်းသူ တွေကတော့ ဟို လူ့စလိုက် ဒီလူကို စလိုက်နှင့် လမ်းသလား နေကြပေသည် ။ တချို့တွေ ကတော့ စာသင်ခန်းထဲမှာ ပင် အိမ်က ပါလာသည့် ထမင်းချိုင့်များ ထမ င်းဘူးများကို ဖွင့်ကာ စုပေါင်းလျက် ဝိုင်းဖွဲ့ကာ စားသောက်နေ ကြလေ သည် ။

ကျောင်းကြီးရဲ့ ပန်းခြံ တစ်နေရာမှာ တော့ ကျောင်းသား လေးဦးမှာ တစ်ခုခုကို တိုင်ပင်နေကြ လေသည် ။ ကျောင်းကြီးရဲ့ ဘေးကပ်ရပ်ရှိ ပန်းခြံထဲ၌ ကျောင်းသား သုံးယောက်က ဝိုင်းဖွဲ့ကာ ထိုင်နေကြ ပေ သည် ။

"ဒီတစ်ခါ ကျောင်းပိတ်ရက်မှာ ချောင်းသာကို သွားကြမယ် လေကွာ "

တစ်ယောက်က ဒီလို ပြောလိုက်တော့ ကျန်တစ်ယောက် ကလည်း …

"ဟာ … ရေရှိတဲ့ နေရာဆိုရင် အမေနဲ့ အဖေက လွှတ်မှာ မဟုတ်ဘူး ကွ တခြားနေရာကိုပဲ စဉ်းစားစမ်းပါကွာ"

"ဘုရာဖူးရော သွားကြမလား"

"ဟင့်အင်း … ပျင်းစရာကြီးကွာ မသွားချင်ပါဘူး"

စသဖြင့် ပြောဆိုနေလျက်။ သူတို့ လေးယောက် ကတော့ ၇ တန်း ကျောင်းသား လေးများ ပင် ဖြစ်ကြသည် ။ ရဲသူ။ နိုင်မင်း။ ဝေယံကျော်။ ဘုန်းမြင့် … စတဲ့ လေးယောက် ဖြစ်သည် ။ ဒီနှစ် သီတင်းကျွတ် ကျောင်းပိတ်ရက်မှာ အပန်းဖြေ ခရီးတစ်ခုခုကို ထွက်ကြဖို့ အတွက် တိုင်ပင် နေကြခြင်းပင်။ လူငယ်လေးတွေပဲ ဆိုတော့ အဝေးကြီးတွေကို တွေးတောလို့ မရချေ။ သိပ်ဝေးနေရင် မိဘတွေက ခွင့်ပြုမှာ မဟုတ်ဘူး ဆိုတာကို သိကြလေတော့ အနီးဆုံးနှင့် ပျော်ရွှင်ဖို့ ကောင်းမဲ့ နေရာကို သာ ဝိုင်းဝန်း တွေးနေကြ ပေသည် ။ ဒီလိုနဲ့ တစ်ယောက်က ထပြောလို က်သည် ။

"ဒါဆို ဒီလိုလုပ်ပါလား … ငါ့ဦးလေးရှိတဲ့ ရွာတစ်ရွာမှာ မြို့ဟောင်း တစ်ခု ရှိတယ်ကွ … အဲဒီကို သွားကြမလား"

ပြောလိုက်သူက ဝေယံကျော်ပါ။ ဒီတော့ အားလုံးက ဝိုင်းဝန်း ပြော ဆိုကြလေသည် ။

"ဟာ … ဘာများ လဲလို့ ပျင်းစရာကြီးကွာ မသွားချင်ပါဘူး"

ဒီတော့ ဝေယံကျော်ကလည်း …

"မင်းတို့ မသိသေးလို့ ပါကွာ … အဲဒီမြို့ဟောင်းကြီးက စိတ်ဝင်စားဖို့

ကောင်းတယ် ... အခုဆို အသွားအလာ သိပ်မရှိတော့ဘူး ... သရဲခြောက်သလိုလို ဘာလိုလိုတော့ ကြားတယ်ကွ"

ဒီတော့ ရဲသူဆိုသူက...

"ဟေ ... ဟုတ်လား ... ဒါ ဆိုရင်တော့ စိတ်ဝင်စားသွားပြီ ... နောက်ထပ်ကော ဘာများ ထူးခြား သေးလဲ"

"အေး ... ထူးခြားသေး တာပေါ့ကွ ... မြို့ဟောင်းကြီးထဲမှာ ရှေးခေတ်က ရုပ်တုတွေ ရွှေတွေငွေတွေ ရှိတယ်လို့ လည်း ကြားတယ်"

"ဟုတ်လား ... ဒါဆို ဘယ်သူမှ သွားမယူကြ ဘူးလားကွ"

ဒီတော့ ဝေယံကျော်က...

"ငါ့ဦးလေး ပြောပုံအရတော့ အဲဒီမြို့ဟောင်းထဲက ရွှေငွေတွေကို တခြားသူတွေ ယူလို့ မရဘူးလို့ ပြောတယ်"

"ဟမ် ... ဘာဖြစ်လို့ လဲ"

"အဲဒီလို ယူခဲ့ရင် သရဲခြောက်ပြီး ... အပြင်ကို ပြန်ထွက် မရဘူးလို့ ပြောကြတယ်ကွ ... ဒီတော့ ယူမိခဲ့ရင်လည်း ပြန်ထားခဲ့ရတယ် ... ဒီတော့မှ ပြန်လို့ ရတာတဲ့ "

ဝေယံကျော်ရဲ့ စကားကို အားလုံးက စိတ်ဝင်တစား နားထောင် နေကြသည်။ ရဲသူဆိုသူ ကတော့...

"ငါတို့ သွားကြမလားကွာ ... သရဲတွေတော့ ... ငါ စိတ်ဝင်စားတယ်ကွ ... သူတို့ ပစ္စည်းတွေ ကိုတော့ မယူဘူးပေါ့ ... လျှောက်ကြည့် ကြတာပေါ့ကွာ"

ဒီလိုပြောလိုက်ပြီး တခြားသူတွေရဲ့ မျက်နှာကို လှမ်းကြည့် လိုက်

တော့ ကျန်လူတွေ ကလည်း သွားကြဖို့ အတွက် သဘောတူပုံဖြင့် ခေါင်း ညိတ် ပြလိုက်ကြသည် ။ သူတို့ တွေရဲ့ အတွေးကတော့ ပိုက်ဆံလည်း သိပ်မကုန်ပဲ ခရီးထွက်ရမှာ ဆိုတော့ ပျော်ရွှင် နေကြလေ၏။

"သွားတာ ကတော့ ဟုတ်ပါပြီ ... အိမ်ကို ဘယ်လို ပြောကြမလဲကွ"

"ဟာ ... မင်းတို့ ကလည်း တောင်ငူက ငါ့ဦးလေးအိမ်ကို သွားလည် ကြမယ်ပေ့ါ ... အဲဒီလို ပြောကြပေ့ါ"

"အေး ... အေး ... ဟုတ်တယ် အဲဒီလိုပဲ ပြောကြမယ်"

ဒီလိုနဲ့ သူတို့ တွေရဲ့ တိုင်ပင်ကြပုံတော့ ပြီးသွားခဲ့လေပြီ။ ထို့နောက် မှာ တော့ လေးယောက်သား ကျောင်းအခန်းထဲ ပြန်ဝင်ကြပြီး စိတ်ကူး တွေ ယဉ်နေခဲ့ကြ လေတော့သည် ။ လူငယ်လေးတွေ ဆိုတော့လည်း ပျော်ပျော်ပါးပါး ခရီးသွားဖို့ ကို စိတ်အားထက်သန် ခဲ့ကြသည် ပင်။

***

ဒီလိုနဲ့ သီတင်းကျွတ် ကျောင်းတွေပိတ်တဲ့ အခါမှာ တော့ သူတို့ ရဲ့ မိဘ အုပ်ထိန်းသူတွေကို တောင်ငူမှာ ရှိတဲ့ ဝေယံကျော်ရဲ့ ဦးလေးအိမ်ကို သွားလည်ဖို့ ပြောလိုက် ကြတော့ မိဘ အုပ်ထိန်းသူတွေက ခွင့်ပြုလိုက် ကြ ပါလေသည် ။ မိဘတွေကတော့ ရိုးရိုး အလည် သွားသည် ပဲ ထင်ခဲ့ ကြသည် ။ ဒီတော့ အားလုံးစုပြီး တောင်ငူကို ထွက်ခဲ့ကြ တော့သည် ။ ပ တ်ဝန်းကျင် အသစ် အမြင်သစ်ကြောင့် သူတို့ တွေမှာ တော့ အတော်ပင် ပျော်ရွှင်နေခဲ့ ကြတော့သည် ။

"ဝေယံကျော်ရေ မင်းဦးလေး နေတဲ့ ရွာက တောင်ငူကနေ

တော်တော် ဝေးသေးလားကွ"

"နည်းနည်းပဲ ဝေးတာပါ ... ဆိုင်ကယ်ကယ်ရီ ပြန်ပြီး စီးသွားရမှာကွ"

"ဒါထက် ရွာနာမည်ကရော ဘာလဲ"

"မင်းကလည်း ကွာ ဟိုရောက်ရင် သိလိမ့်မယ်"

ဝေယံကျော်က ကားစီးရင် မူးတတ်တဲ့ အတွက်ကြောင့် စကားကို ဖြတ်ချလိုက် လေတော့သည် ။ ထို့ကြောင့် ဘယ်သူမှ တော့ ဆက်မမေး တော့ပေ။ အပြင်ကို ငေးကြည့်လာတဲ့ သူတွေလည်း ကြာလာတော့ ညောင်းလာကာ ကားထိုင်ခုံကိုသာ မှီလျက် လှဲလျောင်းရင်း လိုက်ပါလာခဲ့ လေတော့သည် ။

***